**တရားအားထုတ်ခြင်း။** ။ကိုရင်ပဏ္ဍိတသည် ကျောင်းတိုက်သို့ရောက်၍ အရှင်သာရိပုတြာ၏ ကျောင်းခန်းအတွင်းသို့ ဝင်ပြီးလျှင် မိမိခန္ဓာကိုယ်အတွင်း၌ (အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုဆင်ခြင်တတ်သော) ဝိပဿနာကို သွင်း၍ အပူတပြင်း ကြိုးစားလေတော့သည်။ [ထိုအချိန်မှာ ကိုရင်ကလေးသည် ဘာအစာကိုမျှ မစားရသေး၊ အရှင်သာရိပုတြာ ဆွမ်းခံပြန်မှ ဆွမ်းစားရတော့မည်၊ တရားအားထုတ်၍ မပြီးမီ အရှင်သာရိပုတြာပြန်ရောက်၍ ဆွမ်းကျွေးလျှင်လည်း တရား၏အနှောက်အရှက်ဖြစ်ရာတော့မည်၊ တရားရပြီးမှ ဆွမ်းစားလျှင်လည်း မွန်းလွဲသွားစရာ ရှိသည်။]

**နတ်သိကြားတို့စောင့်ရှောက်ပုံ။** ။ကိုရင်ကလေး၏ တန်ခိုးအရှိန်သည် တာဝတိံသာနတ်ပြည်က သိကြားမင်းကို အသိပေးသကဲ့သို့ ဖြစ်နေ၏၊ ထို့ကြောင့် သိကြားမင်းသည် ကိုရင်ကလေး၏ အကြောင်းအရာကို ဆင်ခြင်သောအခါ တရားအားထုတ်နေပုံမှ စ၍ အလုံးစုံကို မြင်ရကား စတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်ကို ခေါ်၍ (အသံကြားလျှင် သမာဓိ ပျက်မည်စိုးသောကြောင့်) ကျောင်းအနီး၌ ငှက်သံစသည်ကို မကြားရအောင် စောင့်ရှောက်စေသည်။

ထို့နောက် မွန်းလွဲသွားမည်စိုးသဖြင့် လနတ်သားနှင့် နေနတ်သားကိုလည်း သူတို့ဗိမာန်များကို ရွေ့တိုးမသွားရအောင် စောင့်ရှောက်ကြဘို့ အမိန့်ပေး၍ မိမိကိုယ်တိုင်ကမူ ကျောင်းတံခါးပေါက် အနီးအပါး၌ ရပ်တည်ကာ သစ်ရွက်ကြွေသံကိုမျှ မကြားရအောင် စောင့်ရှောက်လေသည်။